# တၢ်တီတၢ်တြၢ်

Just | တရားမျှတမှု

ဥပဒေသတင်းစာစောင်

အမှတ်စဉ် (၅) ဩဂုတ်လ၊၂၀၂၃


## မာတိကာ


■ **လူထုအသံ**

ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော အမှု/မှုခင်းများအား တိုင်တန်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ စိန်ခေါ်မှုများ

■ **ကဗျာ**

ဝိသုဒ္ဓိမှ ဝိမုတ္တိသို့ (ဆူးခက်)

■ **သိမှတ်ဖွယ်ရာများ**

တိုင်တန်းခြင်းနှင့် တင်ပြခြင်းဆိုင်ရာ ယန္တရား

■ **ရှုမြင်သုံးသပ်ချက်များ**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ရဲဌာန (ဗဟို)၊ ဗိုလ် စောဆာမူးစေးနှင့် တွေ့ဆုံမေးမြန်းခြင်း

■ **လုပ်ဆောင်ချက်များ**

■ **လှုပ်ရှားမှု ရုပ်ပုံများ**



ဆက်သွယ်ရန် - အယ်ဒီတာ၊ klacHQ@karenlac.org


## ဒေသအခြေအနေနှင့် လူထုမှ တွေ့ကြုံနေရသော အမှု/မှုခင်းများအား တိုင်တန်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ စိန်ခေါ်မှုများ



ပဋိပက္ခကာလတွင်သာမက သာမန်အချိန်တွင် လူထုအတွင်း ဖြစ်ပေါ်နေသော အမှု/မှုခင်းများအား တိုင်တန်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ စိန်ခေါ်မှုများသည် ဒေသအခြေနေပေါ်မူတည်ပြီး ဖြစ်ပေါ်လျက်ရှိသည်။ ဥပမာအားဖြင့် ရောယှက်အုပ်ချုပ်နယ်မြေအတွင်းရှိ ပြည်သူများအနေဖြင့် ယခုကဲ့သို့သော တိုက်ပွဲများကြောင့် ဒေသတွင်း မတည်ငြိမ်မှုများဖြစ်ကာ တိုင်တန်းခြင်းပြုရာတွင် တိုက်ရိုက်အုပ်ချုပ်နယ်မြေများထက် ပိုပြီးစိန်ခေါ်မှုများရှိနေသည်။ ထိုကဲ့သို့သော အခက်အခဲများကြောင့် အဆင့်ဆင့်သို့ဆက်လက်တင်ပြရမည့် အမှုများကိုပင်လျှင် ကျေးရွာအဆင့်တွင် စီရင်လိုက်သည့်အတွက်ကြောင့် တရားမျှတမှုအပေါ်သက်ရောက်မှု ရှိလာနေသည်ကို တွေ့ရသည်။ ဥပဒေဆိုင်ရာ လူထုအသိပညာပေးပွဲများ ပြုလုပ်ပြီးသည့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းရုံး အုပ်ချုပ်သည့်နယ်မြေရှိ ကျေးရွာများတွင် အမှုအခင်း ကြုံတွေ့လာပါက မည်ကဲ့သို့ တိုင်တန်းရမည်ကို သိလာကြသော်လည်း သေချာမသိသေးသည့် ကျေးရွာအများအပြားလည်း ရှိနေသေးသည်။ အမှု/ မှုခင်း တိုင်တန်းခြင်း၊ အစီရင်ခံခြင်း အကြောင်းအရာများနှင့် ပတ်သက်ပြီး ကျေးရွာပြည်သူများ လက်ရှိကြုံတွေ့နေရသည့် လူထုအသံများမှာ အောက်ပါအတိုင်း ဖြစ်သည်။

## မူတြော်ခရိုင်

ဒေသတွင်းတွင် အမှုအခင်း တစ်စုံတစ်ရာကြုံတွေ့လာရပါက မည်ကဲ့သို့ တိုင်တန်းရမည်ကို တစ်ချို့ကျေးရွာများမှ ပြည်သူလူထုအနေဖြင့် သိရှိနားလည်လာကြပြီးဖြစ်သည်။ ဒေသအာဏာပိုင်များအနေဖြင့် နယ်မြေအခြေအနေအရ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အားနည်းချက်များ ရှိနေသေးသော်လည်း မှုခင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အရင်ထက်ပိုပြီး နားလည်သဘောပေါက်မှု ရှိလာသည့်အတွက်ကြောင့် လုပ်ပိုင်ခွင့် အဆင့်ဆင့်ကို ကျော်လွန်လုပ်ဆောင်မှုမှာ လျော့နည်းလာသည်။ ရောယှက်အုပ်ချုပ်နယ်မြေအတွင်းရှိ ပြည်သူများအနေဖြင့် တိုင်တန်းခြင်းပြုရာ၌ အခက်အခဲစိန်ခေါ်မှုများရှိပါသည်။ သက်ဆိုင်ရာအဆင့်ဆင့်သို့ အမှုအနေအထားအရ ထပ်မံလွှဲပြောင်းရန် လိုအပ်သော်လည်း ရောယှက်အုပ်ချုပ်နယ်မြေ ဖြစ်သည့်အလျောက် ကော်သူးလေရှိမြို့နယ်၊ ခရိုင်တရားရုံးအဆင့်သို့ အမှုကိုထပ်မံ မတင်ပြနိုင်သည့် အခက်အခဲများရှိနေသည်။ ထိုသို့အခက်အခဲ အခြေအနေများကြောင့် ကျေးရွာ/ကျေးရွာအုပ်စုတွင် မစီရင်ရသောအမှုများအား စီရင်လိုက်သည့် အတွက်ကြောင့် တရားမျှတမှု အပေါ်သက်ရောက်မှု ရှိလာသည်။ ထို့ပြင် အချို့သော လိင်အကြမ်းဖက်မှုဆိုင်ရာ အမှုအခင်းများတွင် ကျူးလွန်သူမှာ မိသားစုဝင် သို့မဟုတ် ဆွေမျိုးသားချင်းဖြစ်သည့်အတွက်ကြောင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာအရ တိုင်တန်းရန်မှာ အခက်အခဲရှိနေသည်။ အဆိုပါအမှုများအား ကျေးရွာအတွင်း ဖြေရှင်းပေးနေသည်ကိုလည်း တွေ့နေရသည်။

ထို့အတွက်ကြောင့် တရားစီရင်ရေးကော်မတီများ အနေဖြင့်လည်း ၎င်းတို့၏ လုပ်ဆောင်မှုများတွင်အမှားအယွင်းနည်းစေရန်အတွက် တရားရေးဆိုင်ရာ၊ ဥပဒေရေးဆိုင်ရာ သင်တန်းများလုံလောက်စွာ ရရှိထားရန် လိုအပ်သည်။ ဥပဒေအသိပညာပေးခြင်း အားနည်းနေသည့် အတွက်ကြောင့် အာဏာပိုင်များမှ လုပ်ထုံးလုပ်နည်း မှားယွင်းသည့် ကိစ္စများရှိနေပြီး၊ ဥပဒေအသိပညာပေးခြင်းအား လက်လှမ်းမီသည့် ဒေသများတွင် အဆိုပါကိစ္စရပ်များ မရှိသလောက်ပင် ဖြစ်သည်။ အာဏာပိုင်များ ပါဝင်ဆက်နွယ်မှုရှိသည့် အမှုအခင်းများတွင် လူထုအနေဖြင့် တိုင်တန်းရန် စိန်ခေါ်မှုရှိသည်။ စိန်ခေါ်မှုများ လျော့နည်းလာစေရန် ပြည်သူလူထုအား ဥပဒေအသိပညာပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။ လူထုကိုယ်တိုင်က သေချာသိရှိနားလည်လာသည့်အခါ အမှုများ ရင်ဆိုင်ရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ၎င်းကိုယ်တိုင်က တင်ပြနိုင်ခဲ့သည့်အတွက် ကျူးလွန်သူ အာဏာပိုင်များကို နည်းလမ်းတကျ အရေးယူဆောင်ရွက်နိုင်ခဲ့သည်ဆိုသည့် ဖြစ်ရပ်များလည်း ရှိနေသည်။ ထို့အတွက်ကြောင့် တရားစီရင်ရေးတွင် တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို သေချာကျွမ်းကျင်လာစေရန် ပံ့ပိုးမှုများ ပိုမိုလိုအပ်နေသည်ဖြစ်သည်။ တရားရေးတာဝန်ရှိသူများကိုယ်တိုင်က နည်းလမ်းတကျ ဥပဒေအတိုင်း ဆောင်ရွက်လာနိုင်ပါက ပြည်သူများအနေဖြင့် ကောင်းမွန်သော တရားမျှတရေး လက်လှမ်းမီ ရယူနိုင်မည် ဖြစ်ပါသည်။

## ဒူးပလာယာခရိုင်

ဥပဒေအသိပညာပေးခြင်း လက်လှမ်းမီသည့် ဒေသများရှိ ပြည်သူများအနေဖြင့် အမှုအခင်းများ ဖြစ်ပွားလာပါက မည်ကဲ့သို့ တိုင်တန်းရမည်ကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်လာပြီး လက်လှမ်းမီမှုမရှိသေးသည့် ဒေသများတွင် တိုင်တန်းမှုလုပ်ဆောင်ရာတွင် အားနည်းနေသေးသည်။ ဝေးလံသည့်ဒေသတွင် နေထိုင်ကြသော အချို့ ကျေးရွာနေ ပြည်သူလူထုများမှာ အမှုတစ်ခုဖြစ်ပွားလျှင် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို မသိသူများလည်း ရှိနေသေးသည်။ လူထုကတိုင်ကြားရမည်ကို သိရှိထားသော်လည်း အချို့သော ကျေးရွာလူကြီးများအနေဖြင့် ဥပဒေအားသိရှိနားလည်မှု အားနည်းနေသေးသည့်အတွက် လာရောက်တိုင်ကြားသည့် အမှုများအား အမျိုးအစားပေါ်မူတည်ပြီး မည်ကဲ့သို့ဆက်လက်ကိုင်တွယ်ရမည်ကို ရှင်းရှင်းလင်းလင်း မသိသူများလည်း ရှိနေသည်။

အချို့သောကျေးရွာများတွင် ကျေးရွာခေါင်းဆောင်များအနေဖြင့် ဥပဒေကိုသိရှိနားလည်သည့်တိုင် လူထုမှတိုင်တန်းတင်ပြလာသည့် အမှုများကို အရေးယူဆောင်ရွက်မှုမရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် လူထုများအနေဖြင့် မနစ်နာသင့်ဘဲ နစ်နာရသည့် ကိစ္စရပ်များဖြစ်လာရသည်။ လူထုအနေဖြင့် သက်ဆိုင်ရာ ကျေးရွာခေါင်းဆောင်များအား ယုံကြည်အားကိုး၍ လာရောက်တိုင်တန်းသည့် ကိစ္စရပ်မျိုးတွင် အရေးယူ ဆောင်ရွက်ပေးခြင်းမရှိသည့် အတွက်ကြောင့် ဒေသတွင်း ဩဇာသက်ရောက်သည့် စစ်ဘက်ဆိုင်ရာ အရာရှိများကိုသော်လည်းကောင်း၊ အခြားသော လက်နက်ကိုင်များကိုသော်လည်းကောင်း သွားရောက်ချဉ်းကပ်ကာ ၎င်းတို့၏ အမှုကိစ္စများကို ဖြေရှင်းစေနေသည်ကိုလည်း တွေ့ရသည်။ အချို့သောကျေးရွာအုပ်စုအဆင့်တွင် စားဖွယ်သောက်ဖွယ်ရာကဲ့သို့သော ပစ္စည်း တစ်စုံ

တစ်ရာပါလာမှသာ အမှုကြားနာပေးသည်ဆိုသည့် ဖြစ်ရပ်များလည်း ရှိသည်။ အထက်ပါ အချက်အလက်များမှာ တရားမျှတမှုအတွက် ပြည်သူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုပင်ဖြစ်သည်။ အချို့သော အမှုများမှာ တရားရုံးသို့မရောက်ဘဲ ပယ်ကော်(KNPF) ထံတွင်သာ ကျေအေးပေးလိုက်သည့် အမှုများလည်းရှိသည်။ လက်ရှိ အခြေအနေတွင် တိုင်တန်းရန်အတွက် စိန်ခေါ်မှုများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် ပဋိပက္ခများကြောင့် အချိန်နှင့်တပြေးညီ ချိတ်ဆက်ဆောက်ရွက်ရန် ခက်ခဲလျှက်ရှိသည်။ အချို့သောမြို့နယ်ရှိ တရားသူကြီးများမှာ ဥပဒေကိုသိလျှက်နှင့် ချိုးဖောက်ပြီး စီရင်ခြင်းများ ရှိသကဲ့သို့ လုပ်ပိုင်ခွင့်အာဏာထက်ပိုပြီး ကျော်လွန်လုပ်ဆောင်သည့်ကိစ္စရပ်များလည်း ရှိသည့်အတွက်ကြောင့် တရားစီရင်ရေးတွင် လုပ်ထုံးလုပ်နည်းတကျဆောင်ရွက်ရန်အတွက် လိုအပ်ချက်ရှိသည်။ လူထုအတွက် အခြား စိန်ခေါ်မှုတစ်ရပ်မှာ ရောယှက်အုပ်ချုပ်သည့် ထိစပ်ဒေသများတွင် မည်သူ့ထံတွင် မည်သည့်တရားရေးနည်းလမ်းဖြင့်တိုင်ကြားရမည်ကို ရှင်းလင်းစွာနားမလည်ခြင်းပင်ဖြစ်သည်။ ခရိုင်တစ်ခုလုံး အတိုင်းအတာရှိ တရားစီရင်ရေးတွင် သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအား အကောင်အထည်ဖော်နေသည့် ပယ်ကော်များအနေဖြင့်သော်လည်းကောင်း ဥပဒေကို ပိုမိုနားလည်သိရှိပြီး လိုက်နာကျင့်သုံးလာနိုင်စေရန် သင်တန်းပေးခြင်းများ လုပ်ဆောင်ရန် လိုအပ်သည်။ ထို့အပြင် ဥပဒေလုပ်ထုံးလုပ်နည်းများအား ချိုးဖောက်သည့် အာဏာပိုင်များအား စည်းမျဉ်းစဉ်းကမ်းဖြင့် အရေးယူနိုင်မည်ဆိုပါက တိုးတက်ပြောင်းလဲမှုများ ရှိလာမည်ဖြစ်သည်။

## ဖားအံခရိုင်

ဖားအံခရိုင်အတွင်းရှိ လူထုအများစုသည် နစ်နာမှုတစ်စုံတစ်ရာ (သို့မဟုတ်) အမှုအခင်းများ ဖြစ်ပွား လာပါက တိုင်တန်းရမည်ကို သိရှိနားလည်ထားသော်လည်း အချို့သောကျေးရွာများတွင် တာဝန်ရှိသူများက ၎င်းတို့ကျေးရွာအတွင်း ဖြစ်ပွားသည့် အမှုအခင်းများအား သက်ဆိုင်ရာသို့ လွှဲပေးခြင်းမရှိပဲ ကျေးရွာ အဆင့်တွင်သာ ဖြေရှင်းဆောင်ရွက်လိုကြသည်။ လူထုကိုယ်တိုင်မှ ၎င်းတို့နစ်နာသည်ဟု ယူဆထားသည့် ကိစ္စရပ်များတွင် အယူခံဝင်ချင် သော်လည်းကောင်း၊ အချို့သော အမှုကြီးများတွင်သော်လည်းကောင်း မြို့နယ်အဆင့်တွင် ဖြေရှင်းမှုရယူရန် သိသော်ငြားလည်း မြို့နယ်သို့ သွားပါက ကျေးရွာ၌ဖြေရှင်းသကဲ့သို့ပင် ဖြေရှင်းပေးကြမည်ဖြစ်ပြီး ငွေကြေးကုန်ကျခြင်းနှင့် အချိန်ကြာမည်ဟု ကျေးရွာလူကြီးအချို့မှ ပြောဆိုသည့်အတွက်ကြောင့် ကျေးရွာအဆင့်တွင်သာ ဖြေရှင်းလိုက်ကြသည်များလည်း ရှိနေသည်။

အချို့သောအာဏာပိုင်များမှာ ချက်ချင်းအရေးယူမှု မပြုလုပ်ဘဲ အချိန်ဆွဲခြင်းများလည်းရှိသည်။ ထို့အပြင် အမှုအခင်းများဖြေရှင်းပေးရန်အတွက် ကျေးရွာအဆင့်များတွင် ငွေကြေးပေးရသည်များလည်း ရှိနေသည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် လူထုမှယုံကြည်မှုအားနည်းလာနိုင်သည်။ ထို့အပြင် လူထုမှအမှုတိုင်ကြားရာတွင် အခက်အခဲမရှိသော်လည်း အချို့သောအမှုများတွင် နစ်ဖက်အမှုသည်များမှ ၎င်းတို့အသီးသီး နီးစပ်ရာအဖွဲ့အစည်းများတွင် တိုင်တန်းသည့် အတွက်ကြောင့် တရားရေးတာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးရန်အတွက် အခက်အခဲများရှိသည်။ အဆိုပါကိစ္စရပ်များတွင် ငွေကြေးနှင့် ဩဇာရှိသူများမှ လွှမ်းမိုးလျက်ရှိကြောင်း သိရသည်။ အခြားအဖွဲ့အစည်းမှ ဖြေရှင်းပြီးသား အမှုအခင်းများတွင်လည်း ကော်သူးလေတာဝန်ရှိသူများဘက်မှ ထပ်မံ ဖြေရှင်းပေးရန် အခက်အခဲရှိနေပြန်သည်။

လူထုအနေဖြင့်လည်း တိုင်တန်းခြင်း ပြုလုပ်ရန်အတွက် စိန်ခေါ်မှုတစ်စုံတစ်ရာ မရှိသော်လည်း အမှုကြားနာရန်အတွက် ရုံးခွန် မတန်တဆတောင်းသည့်အတွက် ၎င်းတို့အနေဖြင့် ရုံးခွန်ဆောင်ရန် အခက်အခဲရှိနေပြန်သည်။ လူထုများအား ဥပဒေအသိပညာ ပိုမိုသိရှိအောင် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပြီး၊ ပြစ်မှုကျူးလွန်သူများကိုလည်း ထိုက်သင့်သည့် အရေးယူဆောင်ရွက်မှုများ စနစ်တကျဆောင်ရွက်သင့်သည်။ သက်ဆိုင်ရာ အာဏာပိုင်များမှလည်း ၎င်းကိစ္စကို လျစ်လျူရှုခြင်းမပြုဘဲ ၎င်းတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီကြရန်လိုအပ်သည်။ သို့မှသာလျှင်လူထုအတွက် မျှတသည့်တရားရေးစနစ်နှင့် ပြည်သူလူထု ယုံကြည်အားကိုးရသည့် တရားရေးစနစ် တစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

# ဝိသုဒ္ဓိမှ ဝိမုတ္တိသို့

■ ဆူးခက်

တော်လှန်မြေမှ တော်လှန်ကြသော
ချစ်ရသူပေါင်း
ရောင်းရင်းများတို့၊
အို အဆွေ....
သမုဒယကွန် တဏှာနွံဝယ်
အာရုံရစ်ထုံ မှုန်သုန်သုန်ဖြင့်
ရွံ့ရှာမရှက် သွင်လူမိုက်သို့
ဇာတ်ပျက်မျိုးယုတ် ဗီဇစုတ်နှင့်
ညွတ်မနောယိုင်တဲ့ မဖြစ်အံ့။

တော်လှန်မြေမှ တော်လှန်ကြသော
ချစ်ရသူပေါင်း
မျိုးကောင်းများတို့၊
အိုအဆွေ ...
လူ့ရဲ့ဘဝ လူ့လောကဝယ်
လောဘဒေါသ မာန်မာနဖြင့်
မောဟသွယ်ယှက် သွင်ဂုဏ်ပျက်သို့
စရိုက်ရမ်းကား နှုတ်လျှာကြမ်းနှင့်
ထောင်လွှားမောက်မာတဲ့ မနေအံ့။

တော်လှန်မြေမှ တော်လှန်ကြသော
ချစ်ရသူပေါင်း
မျိုးကောင်းများတို့၊
အိုအဆွေ ...
ဇီဝအသက် ရှင်သည့်ခိုက်ဝယ်
နေ့ရက်မကွက် စားသောက်လျှက်ဖြင့်
ဟုတ်ရဲ့ဇကန် မုချမှန်သော်
ဟသ်ာအလား ဇတ်တူသားစား
မျိုးကန်းချင်းရာ သွင်သဏ္ဍာန်သို့
လာဘ်လာဘစား ထိုခြစားနှင့်
အောက်တန်းသူယုတ် ဘီလူး, ဖုတ် နှယ်
ဂုတ်သွေးစုပ်စားတဲ့ မပြုအံ့။

တော်လှန်မြေမှ တော်လှန်ကြသော
ချစ်ရသူပေါင်း
မျိုးကောင်းများတို့၊
အိုအဆွေ ...
ဤ ဇမ္ဗူဝယ်
ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်
ငွါးငွါးဝင့်ထည် သရေကြွယ်၍
သပ္ပါယ်ခန့်ညောင်း ဂုဏ်ရည်ပေါင်းနှင့်
သောင်းဖြကြည်ညို သူထိုထိုတို့
ရိုသေကိုင်းညွတ် ဦးခေါင်းကျို့လို့
ထွတ်ထွတ်မြတ်မြတ် ဘုန်းကံလျှပ်လျှပ်
လှပတင့်တယ် ရှိချေဖွယ်သော်
စွန့်ပယ်ဆိုးညစ် ဝိသုဒ္ဓိမှ
ဝိမုတ္တိမည် လွတ်မြောက်သည်သို့
ချီကာလှမ်းဖို့တဲ့ အားထုတ်အံ့။
(စင်ကြယ်ခြင်းမှ လွတ်မြောက်ခြင်းသို့)
ဝိသုဒ္ဓိမှ ဝိမုတ္တိသို့
ကျင့်ကြစို့......။
ချစ်သောအဆွေတို့။ ။



## တိုင်တန်းခြင်းနှင့်တင်ပြခြင်းဆိုင်ရာယန္တရား

| | |
|---|---|
| တရားရုံးသို့ဦးတိုက် လျှောက်ထားခြင်း | ဦးတိုက်လျှောက်ထားခြင်းဆိုသည်မှာ-<br>• နှုတ်ဖြင့်ဖြစ်စေ<br>• စာအားဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်မှ ပြစ်မှုကျူးလွန်ကြောင်းနှင့် ပတ်သက်၍အရေးယူပေးရန်တိုင်လျှောက်ခြင်း ဖြစ်သည်။<br>(ဦးတိုက်တိုင်ကြားခြင်းဆိုသည်မှာ မိမိ၏နစ်နာမှုကို တရားရုံးသို့ တိုက်ရိုက်တိုင် ကြား  ခြင်းပင်ဖြင်သည်။) |
| တာဝန်ရှိသူမှတဆင့် တိုင်ကြားခြင်း | ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ လူတစ်ဦးတစ်ယောက်မှ<br>• နှုတ်ဖြင့်သတင်းပေးလာလျှင် ပယ်ကော်မှ ထိုသတင်းပေးချက်ကို ရေးမှတ်ရမည်။<br>• တိုင်ကြားသူအားဖတ်ပြပြီး မှန်ကန်ကြောင်းလက်မှတ်ရေး ထိုးစေရမည်။<br><br>စာဖြင့် ရေးသားတိုင်ကြားလာပါက မိတ္တူဖြင့် ထားရှိရမည်။<br><br>(တာဝန်ရှိသူမှတဆင့် တိုင်ကြားခြင်းဆိုသည်မှာ ပယ်ကော်ထံသို့ တိုက်ရိုက် တိုင်ကြားခြင်းသော်လည်းကောင်း ကျေးရွာလူကြီးမှတဆင့်သော်လည်းကောင်း တိုင်ကြားခြင်းပင်ဖြစ်သည်။) |

## သက်ဆိုင်ရာအစုအဖွဲ့၏တာဝန်များ

| | |
|---|---|
| တရားသူကြီးတာဝန်များ | • အမှုတွဲအားလေ့လာခြင်း<br>• အာမခံ ပေး/မပေး ဆုံးဖြတ်ခြင်း<br>• တရားစီရင်ရေး ကော်မတီကို ဖွဲ့စည်းခြင်း<br>• အမှုကြားနာခြင်း<br>• စီရင်ခြင်း/ ဆုံးဖြတ်ချက်ချမှတ်ခြင်း |
| ပယ်ကော်တာဝန်များ | • အမှုလက်ခံခြင်း<br>• စစ်ဆေးမေးမြန်းခြင်း / ရှာဖွေခြင်း / ဖမ်းဆီးထိန်းသိမ်းခြင်း<br>• အမှုကို တရားရုံးသို့ တင်ပို့ခြင်း |

| | |
|---|---|
| ကျေးရွာလူကြီး တာဝန်များ | • အမှုနှင့်ဆိုင်သည့် အချက်အလက်များအား စုဆောင်းခြင်း<br>• တရားခံအားဖမ်းဆီးရန် ကျေးရွာလုံခြုံရေးအား တာဝန်ပေးခြင်း<br>• တရားခံကို ကျေးရွာအချုပ်တွင် ထိန်းသိမ်းစေခြင်း<br>• ၁နာရီအတွင်း သက်ဆိုင်ရာ ပယ်ကော်ကို အကြောင်းကြားခြင်း |
| ကျေးရွာလုံခြုံရေး တာဝန်များ | • ကျေးရွာလုံခြုံရေးဖြစ်ကြောင်း တရားခံအား ထုတ်ဖော်ပြောကြားခြင်း<br>• ဖမ်းဆီးရသည့်အကြောင်းအရင်းကို ပြောပြခြင်း<br>• ကိုယ်ခန္ဓာကို ထိန်းချုပ်ခြင်း (လိုအပ်ပါက အင်အားသုံးရန်)<br>• လက်နက်ပါ/မပါ ရှာဖွေခြင်း<br>• ခုခံပါက လက်ထိပ်ခတ်ခြင်း<br>• ဖမ်းဆီးခေါ်ဆောင်လာခြင်း<br>• မိဘ/ ရွာလူကြီးကို အကြောင်းကြားခြင်း |
| ကရင်လူငယ်အစည်းအရုံး (KYO)တာဝန်များ | • ပြစ်မှုကျူးလွန်သူမှာ လူငယ်ဖြစ်ပါက ဖမ်းဆီးရာတွင် KYO မှ ပယ်ကော်နှင့် ပူးပေါင်းဆောင်ရွက်ရမည်။<br>• အမျိုးသမီးဖြစ်ပါက KYO အမျိုးသမီးနှင့် သွားရောက်ဖမ်းဆီး ရမည်<br>• အမျိုးသမီး တရားခံဖြစ်ပါက KYO အမျိုးသမီးမှ အမှုအစမှ အဆုံးထိ လိုက်ပါ ဆောင်ရွက်ပေးရမည်။ |
| ကရင်အမျိုးသမီး အစည်းအရုံး (KWO) တာဝန်များ | • နစ်နာသူအမျိုးသမီး၏ ဆေးဝါးကုသမှုတွင် လိုက်ပါ ဆောင်ရွက်ပေးခြင်း<br>• စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုပေးခြင်း<br>• အမှုတွင် လိုက်ပါဆောင်ရွက်ပေးခြင်း<br>• လိုအပ်ပါက Safe Houseသို့ ပို့ဆောင်ပေးခြင်း (အမျိုးသား ဖြစ်ပါက အသက် ၁၂ နှစ်အောက်)<br>• ကျူးလွန်ခံရသူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့ (သို့) ပယ်ကော်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ကျန်းမာရေးအဖွဲ့ တာဝန်များ | • ကျန်းမာရေးဝန်ဆောင်မှုနှင့် နှစ်သိမ့်မှုပေးခြင်း<br>• အမှုနှင့်ဆိုင်သည့်အချက်အလက်များကို လျှို့ဝှက်ပေးခြင်း<br>• လိုအပ်ပါက အချက်အလက်များကို ပယ်ကော် (သို့) တရားသူကြီးထံ တင်ပြပေးခြင်း<br>• ဆေးဝါးကုသမှုနှင့် ဆေးစစ်မှုများပြုလုပ်ပေးခြင်း |
| ကရင်ဥပဒေ အထောက်အကူပြုအဖွဲ့ (KLAC) တာဝန်များ | • ဥပဒေနှင့်ပတ်သက်ပြီး အသိပညာပေးခြင်း<br>• ဥပဒေပြင်ဆင်/ ရေးဆွဲရာတွင် အထောက်အကူပေးခြင်း<br>• အမှုများနှင့်ပတ်သက်၍ သက်ဆိုင်သူများအကြား ချိတ်ဆက် ပေးခြင်း<br>• မှုခင်းဆိုင်ရာများတွင် ကနဦးအကြံပေးခြင်း<br>• တရားရုံးလုပ်ငန်းများတွင် ကူညီပေးခြင်း |
| လူထုဥပဒေ အထောက်အကူပြုအဖွဲ့ (CLV)တာဝန်များ | • ကျေးရွာများတွင် ဥပဒေအသိပညာပေးခြင်း<br>• အမှုညွှန်းပို့ပေးခြင်း<br>• အမှုအခင်းနှင့်ပတ်သက်၍ အကြံဉာဏ်ပေးခြင်း<br>• တရားသူကြီးများအား ကူညီပေးခြင်း |




## ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်နယ်မြေ၊ ဗဟိုရဲဌာန၊ ဗိုလ်စောဆာမူးစေးနှင့် တွေ့ဆုံမေးမြန်းခြင်း

*မေး ။ ။ လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ရာထူးနဲ့ တာဝန်အားရှင်းပြပေးပါ။*

ဖြေ ။ ။ ကျွန်တော့အမည်က စောဆာမူးစေးပါ။ လက်ရှိရာထူးက ဗိုလ်ဖြစ်ပါတယ်။ ဗဟိုရဲဌါနချုပ်က ရုံးဝန်ထမ်း တစ်ယောက်ဖြစ်ပါတယ်။

*မေး ။ ။ လက်ရှိတာဝန်ယူလုပ်ဆောင်နေတဲ့ လုပ်ငန်းမှာ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး ဘယ်လို လုပ်ငန်းစဉ်တွေ လုပ်ဆောင်နေပါသလဲ။*

ဖြေ ။ ။ ကျွန်တော်တို့ပယ်ကော်(KNPF)လုပ်ငန်းမှာ အများကြီးရှိတယ်။ အဓိက (၃)ခုရှိပါတယ်။ ပြည်သူ့လုံခြုံရေး၊ မှုခင်း မပေါ်ပေါက်အောင် ကြိုတင်တားဆီးရေး၊ ရာဇဝတ်မှုခင်းပေါ်ပေါက်လာပါက အမှုမှန်ကို စုံစမ်းဖော်ထုတ်ပြီး တရားရုံးတော်အဆင့်ဆင့်ကို စွဲချက်တင်ရခြင်းဖြစ်ပါတယ်။ ရဲလုပ်ငန်းစဉ်ကတော့ အများကြီးရှိပါတယ်။

*မေး ။ ။ သင့်အနေဖြင့် တရားဥပဒေစိုးမိုးရေးကို ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုသလဲ။*

ဖြေ ။ ။ တရားဥပဒေစိုးမိုးရေးက အချိန်အများကြီးယူရပါတယ်။ ကျေးလက်ဒေသမှာ မီးတင်းနေထိုင်တဲ့ လူထုတွေအနေနဲ့ အကြောက်တရား၊ အရှက်တရားမရှိပဲ အေးချမ်းစွာနေရမယ်။ လူနေမှုဘဝ၊ စားဝတ်နေရေး၊ ပတ်ဝန်းကျင်၊ လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ တရားမျှတမှုလိုအပ်ပါတယ်။ ဥပဒေစိုးမိုးရေးသည် လူတစ်ဦးရဲ့ အတွေးအခေါ်၊ အမြော်အမြင်နဲ့လည်းဆိုင်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်ခြားနိုင်ငံတွေက တရားဥပဒေစိုးမိုးရေး အတွက် လုပ်နိုင်တယ်။ ဥပမာ - ခိုးဆိုးလုနှိုက်ရှိနေပြီး အရေးယူမှု မရှိရင် ဥပဒေစိုးမိုးရေး လို့ခေါ်လို့မရပါဘူး။ တရားဥပဒေစိုးမိုးမှုရှိရင်တော့ လူထုတွေက ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စားဝတ်နေရေးကို အေးချမ်းစွာ လုပ်နိုင်သလို ဘာမှစိုးရိမ်မှုမရှိခြင်း၊ ဘဝလုံခြုံမှုရှိခြင်း၊ တန်းတူရေးနှင့် တရားမျှတမှုရှိခြင်းကိုဆိုလိုပါတယ်။

*မေး ။ ။ ဘာကြောင့်လူ့အဖွဲ့အစည်းအတွက် အရေးကြီးသလဲ။*

ဖြေ ။ ။ လူ့အဖွဲ့အစည်းဖြစ်လာရင် လိုက်နာရမည့် ကျင့်ဝတ်ရှိပါတယ်။ စည်းကမ်းရှိပါတယ်။ ဥပဒေရှိတယ်။ ဥပဒေမရှိရင် မျက်စိမပါ နားမပါတဲ့ လူနဲ့တူပါတယ်။ လူတစ်ဦးချင်းစီရဲ့ မှားနေတဲ့လမ်းကို လမ်းမှန် ပြန်ရောက်အောင် လျှောက်ဖို့ လိုပါတယ်။

*မေး ။ ။ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဘယ်လိုစိန်ခေါ်မှုတွေရှိနေပါသလဲ။*

ဖြေ ။ ။ လုပ်ငန်းအကောင်အထည်ဖော်ရာမှာ စိန်ခေါ်မှုအများကြီးရှိပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်း ရှိတဲ့နေရာမှာ တရားဥပဒေ စိုးမိုးရေး စကားပြောရတာလည်း စိန်ခေါ်မှုရှိပါတယ်။ နောက်တစ်ခုက အထက်လူကြီးတွေရဲ့ ပံ့ပိုးမှုအားနည်းတာကလည်း စိန်ခေါ်မှုတစ်ရပ် ပါပဲ။ တစ်ခါတလေ ပံ့ပိုးမှုရပေမယ့် လိုချင်တဲ့အတိုင်းမရနိုင်ဘူး။ တခါတလေ သွားရတဲ့နေရာက လမ်းပန်းဆက်သွယ်ရေး အခက်အခဲနဲ့ ဒေသအချင်းချင်းချိတ်ဆက်မှု အခက်အခဲရှိတယ်။

ဒါကြောင့် လုပ်ငန်းဖော်ဆောင်တဲ့နေရာမှာ အခက်အခဲအများကြီးရှိတယ်။ လူထုထဲသွားပြီးအသိပညာပေး လုပ်ဆောင်ဖို့က အခက်အခဲရှိတယ်။ ကွင်းထဲမှာက တစ်ခြား လက်နက်ကိုင်အဖွဲ့အစည်းရှိတယ်။ တကယ့်စိန်ခေါ်မှုက ကျွန်တော်တို့နယ်မြေမှာက အခြားလက်နက်ကိုင်လည်း အများကြီးရှိတယ်။ အမှုတစ်ခုခုဖြစ်လာရင်လည်း တစ်ခြားလက်နက်ကိုင်နယ်မြေမှာရှိသလို စကစနဲ့ထိစပ်နယ်မြေမှာလည်း အမှုဖြစ်တာရှိပါတယ်။ အဲဒီလို အချိန်မှာ ဆိုရင်တော့ အမှုကိုင်တွယ်ရတာအခက်ခဲရှိပါတယ်။ တစ်ခါတစ်လေ လက်နက်ကိုင်အချင်းချင်း ပြေလည်အောင်ပြောတာရှိသလို တစ်ခါတစ်လေလည်း တင်းမာမှုရှိပြီးတော့ မပြေလည်တာလည်းရှိပါတယ်။ ကြားနေမြေစာပင် ဖြစ်သွားတာကတော့ လူထုပေါ့။ ဘာဖြစ်လို့လဲဆိုတော့ တရားမျှတမှုမရသလို အခွင့်အရေးလည်းဆုံးရှုံးတယ်။ဒါကစိန်ခေါ်မှုတစ်ရပ်ပါ။

*မေး ။ ။ တရားဥပဒေစိုးမိုးရေးမှာပါတဲ့ ပယ်ကော်ရဲ့ အရေးပါမှုကို သင့်အနေဖြင့် မည်ကဲ့သို့ထင်မြင် ပါသလဲ။*

ဖြေ ။ ။ ပယ်ကော်က တရားဥပဒေစိုးမိုးရေးမှာ အရမ်းအရေးပါသလို အရေးကြီးတဲ့အခန်းကဏ္ဍမှာလည်းပါတယ်။ တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်တဲ့အခါမှာ လုပ်ဆောင်တဲ့ လုပ်ငန်းအပေါ်မှာမူတည်ပါတယ်။ ကျွန်တော်တို့က လူထုလုံခြုံမှုရှိအောင်လုပ်ပေးရမယ်။ မှုခင်းမပေါ်ပေါက်အောင် ကြိုတင်တားဆီးရမယ်။ မှုခင်းဖြစ်လာခဲ့ရင်တော့ အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးမှုတွေကိုလုပ်မယ်။ ပယ်ကော်ဟာ လူထုအတွက် ဝန်ဆောင်မှုပေးရမယ်။ ကာကွယ် ပေးရမယ်။ လုံခြုံရေးနှင့် လုံခြုံမှုပေးရပါတယ်။

*မေး ။ ။ လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေးကို ပိုမိုမြှင့်တင်ရန် သို့မဟုတ် မြှင့်တင်နိုင်မယ့် နည်းလမ်းတွေက ဘာတွေဖြစ်မလဲ။*

ဖြေ ။ ။ လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေးကို ပိုမိုအားကောင်းအောင် လုပ်မယ်ဆိုရင် ပြောရရင်တော့ တရားဥပဒေစိုးမိုးရေးအတွက် သေချာလုပ်ရမယ့်အပိုင်း အများကြီးရှိတယ်။ အဖွဲ့အစည်းတစ်ခုခုက တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တဲ့ စာပေတွေကို လူ့အဖွဲ့အစည်းအထိ အသိပေးနိုင်ရင် အဆင်ပြေပါတယ်။ ကျွန်တော်တို့ရဲ့ လမ်းစဉ်၊ လုပ်ငန်းစဉ် မူပေါ်လစီတွေကို ချပြဖို့လိုသလို ပညာပေးဖို့လည်း လိုအပ်ပါတယ်။ သူတို့ရဲ့အတွေးအခေါ် အယူအဆတွေကိုလည်း မှန်ကန်စွာတွေးခေါ်တတ်ဖို့၊ မှန်ကန်စွာ ယူဆတတ်ဖို့က အရေးအကြီးတယ်။ အဲဒါကြောင့် လည်း လူထုကြားထဲမှာ တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်းဖို့ဆိုရင် သင်တန်းတွေ၊ ဟောပြောပွဲတွေ များများ လုပ်ဖို့လိုအပ်တယ် ။ လူထုနဲ့လည်း ထိတွေ့ဆက်ဆံမှု အမြဲတမ်းရှိဖို့ လိုအပ်ပါတယ်။

*မေး ။ ။ ပြည်သူများအတွက် တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုလက်လှမ်းမီရေးအတွက် ပထမ အဆင့်အနေဖြင့် နစ်နာမှုကို တင်ပြခြင်းနှင့်ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။*

ဖြေ ။ ။ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတရေးအတွက် တိုင်တန်းခြင်းက အရေးကြီးပါတယ်။ ပထမအဆင့် အနေနဲ့နစ်နာမှုကို တင်ပြဖို့ကအရေးကြီးပါတယ်။ တရားမျှတမှုအတွက် အဓိကမှာတင်ပြခြင်းဖြစ်သည့်အတွက် အရေးကြီးပါတယ်။

*မေး ။ ။ ဘာကြောင့်အရေးကြီးတာလဲ။*

ဖြေ ။ ။ လူဆိုတာ မွေးလာကတည်းက အခွင့်အရေးက ပါလာပြီးသားပါ။ လူတစ်ယောက်ဖြစ်တဲ့ အတွက်ကြောင့် ခွဲခြားဆက်ဆံမှုမရှိဘဲ နစ်နာမှုကို ကုစားခွင့်ရမယ့်အခွင့်အရေးရှိပါတယ်။ မည်သူတစ်ဦး တစ်ယောက်မျှ နစ်နာမှုကို တိုင်တန်းဖို့ တားဆီးပိုင်ခွင့်မရှိပါဘူး။ နစ်နာတယ်ဆိုတာ အခွင့်အရေးကို ဆုံးရှုံးသွားတဲ့အတွက် တရားမျှတမှုရဖို့ နည်းလမ်းရှာဖို့လိုတယ်။ နည်းလမ်းရှာတဲ့နေရမှာ လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ နစ်နာမှုကို တောင်းဆိုပိုင်ခွင့် ရှိပါတယ်။

*မေး ။ ။တိုင်တန်းနိုင်ဖို့အတွက်ကရော ဘယ်လိုနည်းလမ်းနဲ့ လုပ်ဆောင်နိုင်သလဲ။*

ဖြေ ။ ။ နစ်နာမှုကိုတိုင်ကြားဖို့အတွက်က ခုခေတ်က နည်းပညာခေတ်ဖြစ်ပါတယ်။ ဆက်သွယ်ရေးကိရိယာ ဖြစ်တဲ့တယ်လီဖုန်းနဲ့ တိုင်ကြားလို့ရပါတယ်။ စာရွက်စာတမ်းနဲ့လည်း တိုင်လို့ရပါတယ်။ လူကိုယ်တိုင် လည်းတိုင်လို့ရပါတယ်။ ဘယ်နေရာမှာတိုင်ရမလဲဆိုတာကို မသိရင် သက်ဆိုင်ရာ တာဝန်ရှိသူ ကျေးရွာအုပ်ချုပ်ရေးမှူး၊ နယ်မြေတာဝန်ခံတို့မှတဆင့် တိုင်ကြားနိုင်ပါတယ်။ ရဲအရေးပိုင်တဲ့အမှုတွေဆို ပယ်ကော်ဆီကို တိုင်ကြားလို့ ရပါတယ်။ ရဲအရေးမပိုင်တဲ့အမှုတွေဆို တရားရုံးကို ဦးတိုက်လျှောက် တိုင်တန်းလို့ ရပါတယ်။

*မေး ။ ။ လက်ရှိနိုင်ငံရေးနဲ့ ပဋိပက္ခအခြေအနေတွေကြားမှာ တိုက်ရိုက်တိုင်ကြားနိုင်ခြင်းမရှိသည့် အခြေအနေမျိုးတွင် ဘယ်လိုပုံစံနဲ့လုပ်ဆောင်နိုင်သလဲ။*

ဖြေ ။ ။ လက်ရှိနိုင်ငံရေးပဋိပက္ခက မတည်ငြိမ်သေးပါဘူး။ တိုင်တန်းတဲ့ နေရာအခက်အခဲတော့ ရှိပါတယ်။ စစ်ရေးမတည်ငြိမ်မှုကြောင့် ကျွန်တော်တို့က ကျေးရွာအုပ်ချုပ်ရေးမှူးကို ပြောထားတာရှိတယ်။ လူထုတွေ အမှုလာတိုင်ရင် လက်ခံပြီး သေချာရေးမှတ်

ထားပေးပါ။ ပြီးရင်တော့ ကျွန်တော်တို့ဆီကို ပြန်လည်တင်ပြပေးပါလို့ ပြောထားတယ်။ သူတို့အနေနဲ့ သွားရေးလာရေးခက်ခဲမယ်ဆိုရင် သူတို့ကိုကူညီပေးပါ။ မြို့နယ် တာဝန်ရှိသူနှင့် နယ်မြေတာဝန်ရှိသူကတစ်ဆင့်လည်း တိုင်တန်းလို့ရပါတယ်။

*မေး ။ ။ တိုင်တန်းသည့်အမှုအခင်းများတွင် အရေးယူဆောင်ရွက်ဖို့အတွက် ခက်ခဲသည့်အမှုများ ရှိပါသလား။ ဘယ်လိုအမှုတွေဖြစ်မလဲ။*

ဖြေ ။ ။ ဟုတ်ကဲ့ရှိခဲ့ပါတယ်။ အခြားလက်နက်ကိုင်နဲ့ ငြိစွန်းတဲ့အမှုတွေဖြစ်တယ်။ နောက်တစ်ခုက ထိစပ် နယ်မြေမှာ ဖြစ်တဲ့အမှုတွေပါ။ ခက်ခဲတယ်ဆိုတာ အကြောင်းအမျိုးမျိုးရှိတယ်။

*မေး ။ ။ ဘာကြောင့်လဲ။*

ဖြေ ။ ။ သူတို့နဲ့ ကျွန်တော်တို့က နယ်မြေသတ်မှတ်ထားတယ်။ တရားမျှတမှုနဲ့ တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်ဖို့ တာဝန်ရှိထားပြီးသားဖြစ်ပါတယ်။ တချို့က မိခင်အစည်းအရုံးမှာရှိတဲ့ အထက်တရားရုံးကို မတက်ချင်ကြဘူး။ အောက်ခြေအဆင့်မှာပဲ အဆင်ပြေအောင်လုပ်ပြီး အမှုကို ပြီးပြတ်စေချင်ကြတယ်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်တဲ့ အမှုတွေဆို လက်နက်ကိုင်အဖွဲ့အစည်းနဲ့ ဆက်စပ်တာများတယ်။ ဒါက တကယ့်စိန်ခေါ်မှုကြီးပါ။ သူတို့ကလည်း သူတို့ခေါင်းဆောင်နှင့် လက်နက်ကိုင်ရှိသလို ကျွန်တော်တို့လည်းရှိပါတယ်။ မူးယစ်ဆေးဝါးအမှုကို ကိုင်တွယ်ရတဲ့အခါ အဘက်ဘက်ကို ကြည့်နေရပါတယ်။ ပြတ်ပြတ်သားသားလုပ်ဖို့ကလည်း နောက်ဆက်တွဲ ပဋိပက္ခတွေဖြစ်လာနိုင်တယ်။ ကျွန်တော်တို့ ပယ်ကော်အဖွဲ့လည်း ပြတ်ပြတ်သားသား လုပ်ချင်ပါတယ်။ တစ်ဖက်ကို ပြန်ကြည့်ရင်လည်း မိတ်ဖက်ဖြစ်တယ်။ ကိုင်တွယ်ရတာ ခက်ခဲပါတယ်။ ထိစပ်နယ်မြေမှာဖြစ်တဲ့အမှုတွေဆို စကစနယ်မြေနဲ့ထိစပ်မှုရှိတော့ စကစဘက်ကလည်း သူတို့ဆီရအောင် ဆွဲပါတယ်။ ကျွန်တော်တို့လည်း ရအောင်ပြန်ယူနေရပါတယ်။ တစ်ခါတစ်လေ ကျွန်တော်တို့ဆီမှာ ဖြစ်တဲ့အမှုဆို သူတို့လာရောက်ကိုင်တွယ်ဖို့ ကြိုးစားတာရှိပါတယ်။ ကျွန်တော်တို့က လုံးဝလက်မခံပါဘူး။တစ်ခါတစ်လေအချင်းချင်း စကားများတာရှိသလို တင်းမာမှုတွေလည်း ရှိပါတယ်။

*မေး ။ ။ ပယ်ကော်အနေနဲ့ လူထုနှင့်နီးနီးကပ်ကပ် ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ဘယ်လိုပံ့ပိုးမှုမျိုး လိုအပ်ပါ သလဲ။*

ဖြေ ။ ။ လူထုနဲ့နီးနီးကပ်ကပ်နေရမှာက အဓိကအကြောင်းအရင်းမှာပါပါတယ်။ တချို့ရဲ့စခန်းတွေက ရွာနဲ့မနီးတဲ့ အပိုင်းရှိတယ်။ လူထုနဲ့စိမ်းသွားတယ်။ အဲ့ဒါကြောင့် ပယ်ကော်ဆိုတာကို မသိတဲ့လူတွေ ရှိလာတယ်။ တချို့ခရိုင်ကတော့ လူထုနဲ့ နီးနီးမှာစခန်းထားပြီး နေထိုင်တဲ့အတွက် မှုခင်းတားဆီးရေးနှင့်ပတ်သက်ပြီး လူထုနဲ့ လက်တွဲ လုပ်ဆောင်နိုင်တယ်။ ဥပဒေနှင့်ဆိုင်တဲ့ အသိပညာပေးခြင်း၊ စာရွက်စာတမ်း ဖြန့်ဝေခြင်း၊ ကိုယ့်ကိုကိုယ်ကာကွယ်နိုင်ဖို့အတွက် သင်တန်းပေးခြင်းကို လုပ်နေပါတယ်။ ကျေးရွာလုံခြုံရေးကိုလည်း ဖွဲ့စည်းတာရှိပါတယ်။ လိုအပ်ချက်ကတော့အများကြီးပါ။ ပယ်ကော်အနေနဲ့ အကျင့်ပျက်ခြစားမှု ကင်းဖို့ လိုပါတယ်။ ဥပဒေနဲ့ပတ်သက်တဲ့ အထောက်အပံ့၊ ကျွမ်းကျင်မှုပညာရပ် တွေလိုအပ်ပါတယ်။ မှုခင်းကို အချိန်နဲ့တပြေးညီ ဖမ်းဆီးအရေးယူနိုင်ဖို့ အထောက်အပံ့တွေ လိုအပ်တယ်။ ဥပမာ သွားရေးလာရေး၊ ဆက်သွယ်ဆောင်ရွက်မှုအတွက် ဆက်သွယ်ရေးကောင်းဖို့တွေပါ လိုအပ်ပါတယ်။ လူထုကို ဝန်ဆောင်မှုနှင့် ပံ့ပိုးမှုပေးဖို့ကလည်း အများကြီးလိုအပ်တယ်။အဓိကတော့ လတ်တလော အခြေအနေက နိုင်ငံရေး၊ စစ်ရေး မတည်ငြိမ်မှုကြောင့် ပြည်သူလူထုကို နီးနီးကပ်ကပ်ကူညီးပံ့ပိုးမှု အားနည်းနေသေးပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက လူထုကြား ကျွန်တော်တို့က စည်းရုံးရေးဆင်းပါတယ်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်တဲ့ဟောပြောပွဲတွေ လုပ်ပေးပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေလည်း ပြောပြပေးတယ်။ လက်ရှိမှာခေါင်းဆောင်တွေရဲ့ပံ့ပိုးမှုလိုအပ်ပါတယ်။ လူထုကြားထဲစည်းရုံးရေး ဆင်းတာ၊ ဟောပြောပွဲလုပ်ရင်တော့ ပိုက်ဆံတော့ကုန်ပါတယ်။ အဲဒါကြောင့် လမ်းစရိတ်၊ ခရီးစရိတ်၊ ဆက်သွယ်ရေးကိရိယာ၊ စကားပြောစက် လိုတယ်။ လူထုတွေ ဗဟုသုတပိုမိုရရှိဖို့ဆို ဥပဒေနဲ့ပတ်သက်တဲ့ လက်ကမ်းစာစောင် ပေးဖို့လိုပါတယ်။ ပိုစတာလည်း ကျေးရွာမှာ ကပ်ဖို့လိုအပ်တယ်။ ပယ်ကော်ရဲ့လိုအပ်ချက်ကိုကြည့်ရင် ပယ်ကော်ရဲ့ အင်အားနဲ့ အရည်အချင်းကို မြှင့်တင်ဖို့ဆိုရင် အဆင့်မြှင့် ရဲသင်တန်းကျောင်း လိုအပ်ပါတယ်။ အမှုလိုက်ကျွမ်းကျင်မှုသင်တန်း၊ ဥပဒေဆိုင်ရာအသိပညာလိုအပ်ပါတယ်။ ပယ်ကော်လုပ်ငန်းနှင့် ဆိုင်တဲ့ အသိပညာတွေ၊ ကျွမ်းကျင်မှုတွေ လိုအပ်နေပါတယ်။

*မေး ။ ။ ပြည်သူတွေအနေနဲ့ရော ၎င်းတို့၏နစ်နာမှုကို တိုင်တန်းဖို့အတွက် ဘယ်လိုတိုက်တွန်းလိုပါသလဲ။*

ဖြေ ။ ။ တချို့သောပြည်သူတွေက မတိုင်တတ်တာရှိပါတယ်။ တိုင်တတ်တဲ့သူက မတိုင်ရဲကြတာရှိပါတယ်။ ဘာဘဲဖြစ်ဖြစ် လူထုတွေအနေနဲ့ သူတို့ရဲ့နစ်နာမှုကို တိုင်တန်းဖို့အတွက် ကျွန်တော်

တိုက်တွန်းချင်တာက အမှုကိုတိုင်တန်းတဲ့အခါမှာ ဘာမှမကြောက်ပါနဲ့။ တွေဝေမနေပါနဲ့။ အမှန်တရားအပေါ်မှာ ရပ်တည်ပါ။ ရဲဝံ့စွာတိုင်တန်းပါ။ အကူညီလိုအပ်ရင်လည်း ပြောပါ။ ကြောက်စိတ်ကို မမွေးပါနဲ့။ တိုင်တန်းရမဲ့တာဝန်က လူထုတွေဖြစ်သလို စုံစမ်းစစ်ဆေးရမဲ့တာဝန်က ကျွန်တော်တို့တာဝန်ဖြစ်ပါတယ်။ အမှုမှန်ပေါ်ပေါက်ဖို့အတွက် အားလုံးအတူတကွ လက်တွဲလုပ်ဆောင်ကြမယ်လို့ ပြောချင်ပါတယ်။

*မေး ॥ ॥ တခြားရော ဘာများထပ်ပြီး ဖြည့်စွက်အကြံပြုချင်ပါသေးလဲ။*

ဖြေ ॥ ॥ ပြည်သူတွေကို အကြံပြုချင်တာကတော့ တချို့သော ပြည်သူတွေက အမှန်တရားကို ရင်မဆိုင်ရဲကြဘူး။ မပြောရဲကြပါဘူး။ သူတို့ပြောလိုက်ရင် မှားသွားမှာ ကြောက်ကြတယ်။ တစ်ချို့အမှုတွေဆို သူတို့မတိုင်ရဲဘူး။ ရှက်ကြတယ်။ အရှက်အကြောက် ကြီးကြတယ်။ ကြောက်စိတ်တွေများတော့ အမှန်တရားကို မပြောရဲကြဘူး။ ဥပမာပြောရရင် လူနှစ်ဦးရန်ဖြစ်တယ်။ သူတို့ကိုယ်တိုင်တွေ့ပါတယ်။ ဘယ်သူမှားလဲ ဘယ်သူမှန်လဲဆိုတာ သူတို့သိကြတယ်။ ဒါပေမဲ့ သူတို့ရန်ဖြစ်တာ ငါနဲ့မဆိုင်ဘူးဆိုပြီး ရှောင်ထွက်သွားကြတယ်။ အမှုဖြစ်လာရင် အမှုမှန်ပေါ်ပေါက်ဖို့အတွက် သူတို့က အမှန်တရားပေါ်မှာ သက်သေခံပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တွေကို အကြံပြုချင်တာကတော့ ကျွန်တော်တို့ ပယ်ကော်က အင်အားနည်းပါတယ်။ အင်အားထပ်ဖြည့်ပေးဖို့ တောင်းဆိုချင်ပါတယ်။ ပယ်ကော်ရဲ့ လုပ်ငန်းတွေမှာ ဝင်ရောက်စွက်ဖက်မှုမလုပ်ဖို့ ကျွန်တော်တောင်းဆိုချင်ပါတယ်။ ကျွန်တော်တို့အပေါ်မှာလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေချင်တယ်။ တစ်ချို့ခေါင်းဆောင်တွေက ပယ်ကော်ရဲ့လိုအပ်ချက်ကို တင်ပြပြီး ခွင့်ပြုပေမဲ့ နောက်ပိုင်းမှာ ပယ်ကော်တွေရဲ့ တင်ပြချက်တွေ၊ လိုအပ်ချက်တွေကို လျစ်လျူရှုတာတွေရှိပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး အထက်ပါအတိုင်း အကြံပြုချင်ပါတယ်။

# လုပ်ဆောင်ချက်များ

## ၂၀၂၃ ခုနှစ် မေလမှ ဩဂုတ်လအထိ လုပ်ဆောင်ခဲ့သော လုပ်ငန်းများ

### ■ ဖားအံနှင့် မူတြော်ခရိုင်တွင် တရားရေးဝန်ဆောင်မှုပေးသူများ အစည်းအဝေးကျင်းပခြင်း

၂၀၂၃ ခုနှစ်၊ မေ၊ ဇွန်လများတွင် ဖားအံနှင့် မူတြော်ခရိုင်များတွင် တရားရေးဝန်ဆောင်မှုပေးသူများ၏ တရားမျှတမှုဆိုင်ရာ လက်လှမ်းမီရေးနှင့် ခရိုင်များအတွင်း မှုခင်းစီမံခန့်ခွဲမှု အခြေအနေများအား ပြန်လည် သုံးသပ်ခြင်း အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို ခရိုင်တရားသူကြီးမှ ဦးဆောင်ပြီး ခရိုင်အတွင်းရှိ ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန (DOI)၊ ကရင်အမျိုးသမီးအစည်းအရုံး (KWO)၊ ကရင်လူငယ်အစည်းအရုံး (KYO)၊ ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC)နှင့် လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)၊ တို့မှ တက်ရောက်ခဲ့ကြပါသည်။

| ခရိုင် | တက်ရောက်သူ ( မ) | တက်ရောက်သူ (ကျား) |
|---|---|---|
| ဖားအံ | ၁၈ | ၄၆ |
| မူတြော် | ၁၄ | ၃၂ |
| စုစုပေါင်းတက်ရောက်သူ | ၃၂ ယောက် | ၇၈ ယောက် |



ဖားအံခရိုင် တရားရေးဝန်ဆောင်မှုပေးသူများ
အစည်းဝေးကျင်းပခြင်း



မူတြော်ခရိုင် တရားရေးဝန်ဆောင်မှုပေးသူများ
အစည်းဝေးကျင်းပခြင်း

## လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) များအား မွမ်းမံသင်တန်းပေးခြင်း

၂၀၂၃ ခုနှစ်၊ မေလနှင့် ဇွန်လများတွင် လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) မွမ်းမံသင်တန်းကို ဖားအံ နှင့် မူတြော်ခရိုင်တွင် ပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် ၎င်းတို့လုပ်ဆောင်ခဲ့သောလုပ်ငန်းများကို မတူညီသော အတွေ့အကြုံများပေါ်မူတည်ပြီး ပြန်လည်သုံးသပ်ခြင်း၊ ဆက်သွယ်ရေးနှင့် ပတ်သက်သော နည်းပညာများ ထပ်မံပံ့ပိုးပေးခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေများ၊ တရားမဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့် CLVများအနေဖြင့် လက်ရှိဒေသအခြေနေများပေါ်မူတည်ပြီး ကြုံတွေ့နေရသော အခက်အခဲများကို အချင်းချင်း ပြန်လည်မျှဝေ ဆွေးနွေးခဲ့ကြပါသည်။



လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)အား မွမ်းမံသင်တန်းပေးခြင်း

## ■ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) အား မြေယာဆိုင်ရာ အသိပညာသင်တန်းပေးခြင်း

၂၀၂၃ ခုနှစ်၊ ဖွန်လတွင် မြေယာကော်မတီဥက္ကဋ္ဌဟောင်း (လက်ရှိ ဗဟိုသစ်တောဌာနမှူး) ပဒိုမန်းဘထွန်းမှ ဦးဆောင်ပြီး လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) အား မြေယာနှင့်ဆိုင်သည့် သင်တန်းကို အွန်လိုင်း (Online) မှတစ်ဆင့် ပို့ချခဲ့သည်။ သင်တန်းတွင် ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC)၊ ဒူးပလာယာခရိုင်နှင့် ဖားအံခရိုင်ရှိ လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)တို့မှ ကျား(၁၃)ဦး၊ မ(၁၄)ဦး စုစုပေါင်း (၂၇)ဦးတက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် ကော်သူးလေမြေယာမူဝါဒ၊ မြေယာပြဿနာဖြေရှင်းခြင်း နည်းလမ်းစသည်တို့ကို အပြန်အလှန် ဆွေးနွေးဝေမျှခဲ့ပါသည်။ ဤသင်တန်း တက်ရောက်နိုင်ခြင်းကြောင့် CLV များသည် လူထုမှ မေးမြန်းလာသော မြေယာနှင့် ပတ်သက်သော မေးခွန်းများကို ကောင်းစွာ ပြန်လည်ဖြေကြားနိုင်ရန်အတွက် အသိပညာများ ရရှိခဲ့ကြပါသည်။ သက်ဆိုင်ရာဌာနခေါင်းဆောင်များနှင့် ဆွေးနွေးခွင့်ရရှိခဲ့သောကြောင့် ကော်သူးလေမြေယာမူဝါဒနှင့် လက်ရှိဖြစ်ပွားနေသော မြေယာအငြင်းပွားမှုပြဿနာဖြေရှင်းခြင်းနည်းလမ်းများကို ကောင်းစွာသိရှိနားလည်ခဲ့ကြရပါသည်။

## ■ စည်းရုံးရေးနှင့်ပြန်ကြားရေးဌာနရှိ ဝန်ထမ်းများအား ဥပဒေသင်တန်းပေးခြင်း

၂၀၂၃ ခုနှစ်၊ ဖွန်လတွင် ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC)မှဦးဆောင်ပြီး ဗဟိုစည်းရုံးရေးနှင့် ပြန်ကြားရေးဌာနရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဥပဒေသင်တန်းပေးခြင်း အစီအစဉ်ကို ဖားအံခရိုင်တွင် ဆောင်ရွက်ခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသားဦးရေ ကျား (၂၁)ဦး၊ မ(၉)ဦးနှင့် ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC) မှသင်တန်းဆရာ/မ (၃)ဦးတို့မှ ကော်သူးလေ ရာဇဝတ်ဥပဒေ၊ ရာဇဝတ်လုပ်ထုံးလုပ်နည်း၊ တရားမဆိုင်ရာကျင့်ထုံးဥပဒေ၊ အမျိုးသမီးနှင့် ကလေးများအား အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းချက်များ၊ တိုင်တန်းခြင်းခြင်းနှင့် တင်ပြခြင်းဆိုင်ရာနည်းလမ်းများကို အပြန်အလှန်ဆွေးနွေးဝေမျှခဲ့ကြပါသည်။

စည်းရုံးရေးနှင့်ပြန်ကြားရေးဝန်ထမ်းများအနေဖြင့် ကော်သူးလေတရားရေးဆိုင်ရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို သင်တန်းတွင် လေ့လာခွင့်ရခဲ့သည့်အတွက် ၎င်းတို့အနေဖြင့် ကျေးရွာအတွက် လိုအပ်သော တရားရေးအသိပညာများကို ပြန်လည်ဖြန့်ဝေပေးနိုင်မည်ဖြစ်ပါသည်။



**ဗဟိုစည်းရုံးရေးနှင့် ပြန်ကြားရေးဌာနရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဥပဒေသင်တန်းပေးခြင်း**

## ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF) အား  ဆရာဖြစ်သင်တန်း (TOT)ပေးခြင်း

ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF) အား ဥပဒေဆိုင်ရာ ဆရာဖြစ် သင်တန်းပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ သင်တန်းတွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ဘိတ်ထားဝယ်ခရိုင်၊ မူတြော်ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဖားအံခရိုင်တို့မှ စေလွှတ်သည့်ကိုယ်စားလှယ် ကျား(၂၁)ဦး၊ မ(၅)ဦး တက်ရောက်ခဲ့ပြီး၊ ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC)မှ သင်တန်းဆရာ/မ (၃)ဦးတို့မှ ဥပဒေသင်တန်း ပို့ချခဲ့ပါသည်။ သင်တန်းတွင် ရပ်ရွာအခြေပြုရဲလုပ်ငန်း၊ ဒီမိုကရေစီကျင့်သုံးသောနိုင်ငံတစ်ခုတွင် ကျင့်သုံးလေ့ရှိသော တရားရေးစနစ်နှင့် ကော်သူးလေတရားရေးစနစ်အား လေ့လာခြင်း၊ တရားမကျင့်ထုံးနှင့် တရားမမှုဖြစ်စဉ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ဥပဒေနှင့်ကျင့်ထုံးကြား ဆက်စပ်ပုံ၊ အမှုဖြစ်စဉ်နှင့် တရားရုံ မရောက်မီ အမှုပြင်ဆင်ခြင်းတို့ကို ဆွေးနွေးလေ့လာခဲ့ကြပါသည်။ ထို့ပြင် တရားရုံးများအတွင်း ရဲများ၏ အခန်းကဏ္ဍနှင့် ရဲလုပ်ငန်းနှင့် ဆိုင်သော ပုံစံ(Form)များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



**ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF) အား ဥပဒေဆိုင်ရာ ဆရာဖြစ် သင်တန်းပေးခြင်း**

## အကျဉ်းထောင်စီမံခန့်ခွဲခြင်း ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ပြည်ထဲရေးနှင့်သာသနာရေးဌာနမှူးမှ ဦးဆောင်ပြီး အကျဉ်းထောင်စီမံခန့်ခွဲခြင်းနှင့် အကျဉ်းထောင် ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုပြုလုပ်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဗဟိုတရားသူကြီးချုပ်၊ ဗဟိုတရားရေး ဌာနမှူး၊ ဖားအံခရိုင်တရားသူကြီး၊ ဖားအံခရိုင် ရဲမှူးနှင့် ကရင်ဥပဒေအထောက်အကူပြုအဖွဲ့တို့မှ ကျား -၇ ဦး၊ မ -၆ ဦး၊ စုစုပေါင်း ၁၃ ဦး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။



**အကျဉ်းထောင်စီမံခန့်ခွဲခြင်းနှင့် အကျဉ်းထောင်ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ**

## ■ မူးယစ်ဆေးဝါး(ဘိန်းစာရွက်) ဆိုင်ရာ ပြဿနာအား ဆွေးနွေးခြင်းအစည်းအဝေး


ဒေသတွင်းပျံ့နှံ့လာသည့် မူးယစ်ဆေးဝါး (ဘိန်းစာရွက်) ဆိုင်ရာပြဿနာ အားကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးခေါင်းဆောင်များ၊ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၊ ကရင်ကျန်းမာရေးဌာန အပါအဝင် ကရင်လူမှုအဖွဲ့အစည်းများဖြစ်သည့် KWO၊ KYO၊ KHRG၊ BPHWT၊ DARE နှင့် KSNGတို့မှ ကျား (၁၀)ဦး၊ မ(၁၀) ဦး စုစုပေါင်း (၂၀)ဦးတက်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် ဒေသတွင်း လူငယ်များအကြား ပျံ့နှံ့လာသည့် ဘိန်းစာရွက်အသုံးပြုမှုများနှင့် အကျိုးဆက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



**မူးယစ်ဆေးဝါး (ဘိန်းစာရွက်) ဆိုင်ရာပြဿနာအား ဆွေးနွေးခြင်းအစည်းအဝေး**

## ■ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)၏ လူထုဥပဒေဆိုင်ရာ အသိပညာပေးခြင်း

ကော်သူးလေနယ်မြေအတွင်းရှိ ခရိုင် (၃)ခုမှ လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)များ၏ လူထုဥပဒေပညာပေးရေး လုပ်ငန်းများကို ၂၀၂၃ခုနှစ်၊ မေလမှ ဩဂုတ်လ အထိ ပြုလုပ်ခဲ့ပါသည်။ ၎င်းအစီအစဉ်တွင် တက်ရောက်သူစာရင်းကို အောက်ပါအတိုင်း တွေ့ရပါသည်။ ပညာပေးအစီစဉ်တွင် လူထုဥပဒေအထောက်အကူပြု အဖွဲ့(CLV)များသည် ကော်သူးလေရာဇဝတ်ဥပဒေ၊ ရာဇဝတ် လုပ်ထုံးလုပ်နည်း၊ တရားမလုပ်ထုံးလုပ်နည်း၊ ကော်သူးလေအထူးအက်ဥပဒေများအပြင် တိုင်တန်းခြင်းဆိုင်ရာ အဆင့်ဆင့်၊ ပံ့ပိုးကူညီမှု ဆိုင်ရာ အသိပညာနှင့် နည်းလမ်းများကို လူထုများအား ဝေငှဆွေးနွေးသွားခဲ့ပါသည်။ မိုးတွင်းကာလ ဖြစ်သည့်အတွက် လူထုဥပဒေပညာ ပေးရေးလုပ်ဆောင်ရာတွင် သွားလာရေးအတွက် အခက်ခဲများရှိနေပါသည်။ ထိုသို့အခက်ခဲများ ရှိသော်လည်း CLV များအနေဖြင့်၎င်းတို့ လက်လှမ်းမီသည့် ကျေးရွာများသို့ သွားရောက်ပြီး အသိပညာပေးအစီအစဉ်များ လုပ်ဆောင်လျှက်ရှိပါသည်။




မေလမှ ဩဂုတ်လ အတွင်း ဥပဒေအသိပညာပေး အသိပညာပေးအစီအစဉ်တွင် တက်ရောက်ခဲ့သော လူဦးရေစာရင်း

## ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်တွင် ဒေသခံခေါင်းဆောင်များအား ဥပဒေဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်းပေးခြင်း

ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်တွင် ဒေသခံခေါင်းဆောင်များအား ဥပဒေဆိုင်ရာစွမ်းရည် မြှင့်တင်ရေး ဆိုင်ရာသင်တန်းပေးခြင်း အစီအစဉ်ကို ၂၁.၈.၂၀၂၃ မှ ၂၃.၈.၂၀၂၃ အထိပြုလုပ် ကျင်းပခဲ့သည်။ ဤသင်တန်းသည် ဒေသခံခေါင်းဆောင်များမှ ဥပဒေကိုကောင်းစွာသိရှိနိုင်စေရန်နှင့် လူထုအား တရားရေးဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် နည်းလမ်းတကျ ဖြစ်စေရန်နှင့် ၎င်းတို့အချင်းချင်းအကြား အတွေ့အကြုံများမျှဝေနိုင်ရန် ဖြစ်ပါသည်။ လူထုဥပဒေ အထောက်အကူ ပြုအဖွဲ့ (CLV)များက ရာဇဝတ်ဥပဒေ၊ တရားမဥပဒေ၊ တိုင်တန်းခြင်းနှင့် တင်ပြခြင်းဆိုင်ရာ ယန္တရားနှင့်၊ မူးယစ်ဆေးဝါးအထူးအက်ဥပဒေတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ကျား (၅၀) ဦး၊ မ (၃၄) ဦး စုစုပေါင်း (၈၄ ) ဦးတက်ရောက်သည်။



## လှုပ်ရှားမှု ရုပ်ပုံများ



၁။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ မူတြော်ခရိုင်ရှိ ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၂။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ မူတြော်ခရိုင်ရှိ ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၃။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာ ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၄။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာ ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေး ခြင်း။



၅။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ ဖားအံ ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၆။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ ဖားအံ ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၇။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာ ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၈။ လူထုအထောက်ကူပြုအဖွဲ့ (CLV)မှ ဖားအံ ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။